APT40 အကြံပြုချက်

PRC MSS လက်ရှိ ထောက်လှမ်းမှု နည်းလမ်း

Australian Government

Australian Signals Directorate

National Cyber
Security Centre
a part of GCHQ

Communications
Security Establishment

**Canadian Centre
for Cyber Security**

Centre de la sécurité
des télécommunications

**Centre canadien
pour la cybersécurité**

မာတိကာ

အကျဉ်းချုံး

နောက်ခံအကြောင်းအရာ

ဤ အကြံပြုစာစောင်အား ဩစတြေးလျနိုင်ငံ ဆက်သွယ်ညှိနှိုင်းရေး ဌာန၏ ဩစတြေးလျနိုင်ငံ ဆိုင်ဘာလုံခြုံရေးစင်တာ (ASD's ACSC)၊ အမေရိကန်နိုင်ငံ ဆိုင်ဘာလုံခြုံရေးနှင့် အခြေခံအဆောက်အအုံ လုံခြုံရေးအေဂျင်စီ (CISA)၊ အမေရိကန်နိုင်ငံ အမျိုးသား လုံခြုံရေးအေဂျင်စီ (NSA)၊ အမေရိကန်နိုင်ငံ ဗဟိုထောက်လှမ်းဌာန (FBI)၊ ယူကေနိုင်ငံ အမျိုးသားဆိုင်ဘာ လုံခြုံရေးစင်တာ (NCSC-UK)၊ ကနေဒါနိုင်ငံ ဆိုင်ဘာလုံခြုံရေးစင်တာ (CCCS)၊ နယူးဇီလန်နိုင်ငံ အမျိုးသား ဆိုင်ဘာလုံခြုံရေးစင်တာ (NCSC-NZ)၊ ဂျာမနီနိုင်ငံ ဗဟိုထောက်လှမ်းရေးဝန်ဆောင်မှုရုံး (BND) နှင့် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ကာကွယ်ရေး ဗဟိုရုံး (BfV)၊ တောင်ကိုရီးယားနိုင်ငံ ထောက်လှမ်းရေးဝန်ဆောင်မှုဌာန (NIS) နှင့် NIS ၏ အမျိုးသား ဆိုင်ဘာလုံခြုံရေး စင်တာ၊ ဂျပန်နိုင်ငံ အခင်းဖြစ်ပွားမှုအတွက် အသင့်ဖြစ်ခြင်းနှင့် ဆိုင်ဘာလုံခြုံရေး ဆိုင်ရာ နည်းဗျူဟာ စင်တာ (NISC) နှင့် အမျိုးသား ရဲအေဂျင်စီ (NPA) တို့မှ ပူးပေါင်း ထုတ်ဝေထားခြင်းဖြစ်ကာ - ဤနောက်ပိုင်းတွင် ၎င်းအဖွဲ့အစည်းများကို "အာဏာပိုင် အေဂျင်စီများ" ဟု သုံးနှုန်းသွားမည် - တရုတ်ပြည်သူ့ သမ္မတနိုင်ငံ (PRC) မှ ကျောထောက်နောက်ခံ ပြုထားသည့် ဆိုင်ဘာအဖွဲ့အစည်းများမှ လက်ရှိ ဩစတြေးလျ၏ ကွန်ရက်များအပေါ် ခြိမ်းခြောက်မှုများ လုပ်ဆောင်နေသည့် အကြောင်းကို ဖော်ပြထားပါသည်။ ဤ အကြံပြုချက်သည် အာဏာပိုင် အေဂျင်စီများ၏ ခြိမ်းခြောက်မှုအပေါ် ဘုံနားလည်မှုအပြင် ASD ၏ ACSC ၏ အခင်းဖြစ်ပွားမှုနှင့် ပတ်သက်ပြီး တုံ့ပြန်သည့် စုံစမ်းစစ်ဆေးမှုများအကြောင်း နားလည်ကြရန်အတွက် ရည်ရွယ်လုပ်ဆောင်ထားပါသည်။

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ PRC မှ ကျောထောက်နောက်ခံပြုထားသည့် ဆိုင်ဘာအဖွဲ့များသည် ဩစတြေးလျ၊ အမေရိကန်အပါအဝင် နိုင်ငံအချို့မှ အဖွဲ့အစည်းများကို ပစ်မှတ်ထား တိုက်ခိုက်မှုများရှိခဲ့ပြီး အောက်တွင် ဖော်ပြထားသည့် နည်းလမ်းများမှာ PRC မှ နိုင်ငံတော် -စပွန်ဆာ ပေးထားသည့် ဆိုင်ဘာသမားများ ကမ္ဘာတလွှားတွင် တိုက်ခိုက်မှု လုပ်သည့်အခါ ပုံမှန် အသုံးပြုသည့် နည်းလမ်းအချို့ ဖြစ်ပါသည်။ ထိုကြောင့် အာဏာပိုင် အေဂျင်စီများအနေဖြင့် ထိုဆိုင်ဘာအဖွဲ့နှင့် ၎င်းတို့ အသုံးပြုသည့် နည်းလမ်းများနှင့် ဆင်တူသော တိုက်ခိုက်ရေး နည်းလမ်းများသည် အာဏာပိုင် အေဂျင်စီ နိုင်ငံများ၏ ကွန်ရက်အတွက် ခြိမ်းခြောက်မှု ရှိနေဆဲ ဖြစ်သည်ဟု ယုံကြည်ကြပါသည်။

ဤအဖွဲ့သည် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၏ နိုင်ငံတော် လုံခြုံရေး ဝန်ကြီးဌာန (MSS) အတွက် မသမာသည့် ဆိုင်ဘာတိုက်ခိုက်ရေးများ လုပ်နေသည်ဟု အာဏာပိုင် အေဂျင်စီများ အနေဖြင့် သုံးသပ်ထားပါသည်။ ၎င်းတို့၏ လှုပ်ရှားမှုနှင့် အသုံးပြုသည့် နည်းလမ်းများသည် Advanced Persistent Treat (APT) 40 အဖွဲ့များ (တနည်းအားဖြင့် ၎င်းတို့ကို Kryptonite Panda, GINGHAM TYPHOON၊ Leviathan and Bronze Mohawk ဟုလည်း လုပ်ငန်းဆိုင်ရာ အစီရင်ခံစာတွင် ဖော်ပြထားပါသည်) အသုံးပြုသည့် နည်းလမ်းများနှင့် ဆင်တူနေကြောင်း တွေ့ရှိရပါသည်။ ထိုအဖွဲ့သည် ဟိုင်နန်ပြည်နယ် ဟိုင်ကိုးမြို့တွင် အခြေချကာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံနှင့် နိုင်ငံတော် လုံခြုံရေးဝန်ကြီးဌာနနှင့် ဟိုင်နန်ပြည်နယ် လုံခြုံရေးဌာန၏ ညွှန်ကြားချက်များအတိုင်း လုပ်ဆောင်ကြောင်း ယခင် ဖော်ပြချက်များအရ သိရပါသည်။[2] ဤအကြံပြုချက်သည် ၎င်းတို့ ပစ်မှတ်ထားသည့် ကွန်ရက် နှစ်ခုအား တိုက်ခိုက်ရာတွင် အသုံးပြုသည့် တိုက်ခိုက်ရေး နည်းလမ်းများကို ဖြစ်ရပ်မှန် နမူနာများဖြင့် ဖော်ပြထားပါသည်။ ဖြစ်ရပ်မှန် နမူနာများသည် ဆိုင်ဘာလုံခြုံရေး လုပ်ငန်း လုပ်ကိုင်သူများအတွက် ၎င်းတို့၏ ကွန်ရက်အား APT40 ၏ ရန်မှ ကာကွယ်ခြင်း နှင့် တိုက်ခိုက်ခံရမှုမှ ပြန်လည်ထူပြုပြင်ခြင်း ဆိုင်ရာ လုပ်ငန်းများ လုပ်ကိုင်သည့်အခါတွင် လက်ငင်း အကျိုးဖြစ်စေနိုင်သည့် နမူနာများ ဖြစ်ပါသည်။ ရွေးထုတ်ဖော်ပြထားသည် ဖြစ်ရပ်မှန် နမူနာများသည် တိုက်ခိုက်ခံရပြီးနောက် ပြန်လည်ထူထောင်ပြုပြင်ခြင်းများ ပြုလုပ်ကာ ဤ မသမာသူများ သို့မဟုတ် အခြားသော မသမာသူများမှ ထပ်မံ တိုက်ခိုက်မှု မလုပ်နိုင်ရန်အတွက် အန္တရာယ်ကို လျော့ကျစေသည့် ကာကွယ်ရေး နည်းလမ်းများကို အသုံးပြုထားသည့် ဖြစ်ရပ်မှန် နမူနာများကို အခြေခံထားပါသည်။ ထိုအတွက်ကြောင့် ဤဖြစ်ရပ်မှန် နမူနာများသည် ဖြစ်ပေါ်ပြီးသား အချိန်ကာလမှ အကြောင်းအရာဟောင်းများဖြစ်ပြီး ၎င်းတို့အနေဖြင့် တိုက်ခိုက်ခံရမှုမှ ပြန်လည်ထူထောင်ပြုပြင်မှု လုပ်ရန်အတွက် လိုအပ်သည့် အချိန်ကို ရရှိစေရန်အတွက် ဖြစ်ပါသည်။

လှုပ်ရှားမှု အကျဉ်းချုပ်

APT40 သည် ဩစတြေးလျ၏ ကွန်ရက်များကို အကြိမ်ကြိမ် တိုက်ခိုက်မှု လုပ်သက္ခဲသို့ ဒေသအတွင်းမှ အစိုးရနှင့် ပုဂ္ဂလိကပိုင် ကွန်ရက်များအား တိုက်ခိုက်မှုလုပ်ခဲ့သည့်အပြင် ကျွန်ုပ်တို့၏ ကွန်ရက်များအတွက် ခြိမ်းခြောက်မှု အန္တရာယ် ရှိနေဆဲ ဖြစ်ပါသည်။ ဤအကြံပြုချက် စာစောင်တွင် ဖော်ပြထားသည့် ထောက်လှမ်းမှု နည်းဗျူဟာများသည် ဩစတြေးလျ၏ ကွန်ရက်များကို တိုက်ခိုက်သည့်အခါတွင် အသုံးပြုလေ့ရှိသည့် နည်းဗျူဟာများ ဖြစ်ပါသည်။

သတိပြုမိသည်မှာ APT40 သည် ၎င်းတို့ ပစ်မှတ်ထားသည့် ကွန်ရက်များ၏ ပျော့ကွက်ဟာကွက်အားနည်းချက် အသစ်များကို တွေ့ရှိသည်နှင့် တပြိုင်နက် လျင်မြန်စွာ ပြောင်းလဲနိုင်စွမ်းနှင့် proof-of-concept(s) (POCs) ကို ကောင်းမွန်စွာ အလွဲသုံးစားလုပ်ကိုင်နိုင်စွမ်းကို အသုံးပြုကာ ၎င်းတို့ ပစ်မှတ်ထားသည့် ကွန်ရက်၏ အခြေခံအဆောက်အအုံကို ရယူလိုက်ခြင်းများ လုပ်သည်ကို တွေ့ရှိရပါသည်။ APT40 သည် အာဏာပိုင်အေဂျင်စီနိုင်ငံများ၏ ကွန်ရက်များအပါအဝင် ၎င်းတို့ ပစ်မှတ်ထားလိုသည့် ကွန်ရက်များအား ပုံမှန် စူးစမ်းထောက်လှမ်းမှုများပြုလုပ်ကာ ပျော့ကွက်ဟာကွက်အားနည်းချက်များကို စောင့်ကြည့်ပြီး တိုက်ခိုက်မှုလုပ်နိုင်ရန် အခွင့်ကောင်းများကို ပုံမှန် ရှာဖွေလျက် ရှိပါသည်။ ထိုကဲ့သို့ ပုံမှန်စူးစမ်းထောက်လှမ်းမှုများထဲတွင် ၎င်းတို့ ပစ်မှတ်ထားသည့် ကွန်ရက်များနှင့် ဆက်စပ်နေသော အသုံးမပြုတော့သည့်စက်ပစ္စည်း သို့မဟုတ် ပြုပြင်မွမ်းမံထိန်းသိမ်းခြင်း မရှိတော့သည့် စက်ပစ္စည်းများကိုပါ ရှာဖွေစုံစမ်းကာ မသမာမှုများ လျင်မြန်စွာ လုပ်ခွင့်ရရှိရန်အတွက် လုပ်ဆောင်လျက် ရှိပါသည်။ APT40 သည် ၂၀၁၇ ခုနှစ်မှ စတင်ကာ ၎င်းတို့ ပစ်မှတ်ထားသည့် အဖွဲ့များ၏ ပျော့ကွက်ဟာကွက် အားနည်းချက်များအပေါ် တိုက်ခိုက်မှုများ လုပ်ခဲ့ပါသည်။

APT40 သည် Log4J (CVE 2021 44228), Atlassian Confluence (CVE-2021-31207, CVE-2021-26084) နှင့် Microsoft Exchange (CVE-2021-31207; CVE-2021-34523; CVE-2021-34473) စသည့် လူအများသုံး ဆော့ဖ်ဝဲများ၏ အားနည်းချက်များကို အလွဲသုံးစားပြုကာ တိုက်ခိုက်မှုများ အလျင်အမြန် လုပ်ဆောင်လျက် ရှိပါသည်။ ASD ၏ ACSC နှင့် အာဏာပိုင် အေဂျင်စီများ အနေဖြင့် ၎င်းအုပ်စုသည် နာမည်ကြီး အားနည်းချက်များဖြစ်ပေါ်သည့် အကြောင်းကို ဖော်ပြသည့် နာရီပိုင်း သို့မဟုတ် ရက်ပိုင်းအတွင်း POCs နည်းလမ်းများကို ဆက်လက်အသုံးပြုကာ တိုက်ခိုက်မှုများ ဆက်လက်လုပ်ကိုင်မည်ဟု သုံးသပ်ထားပါသည်။

2 အမေရိကန်နိုင်ငံတရားရေးဌာန ၂၀၂၁။ တရုတ်နိုင်ငံ လုံခြုံရေးဌာနနှင့် အလုပ်လုပ်ကိုင်သည့် တရုတ်နိုင်ငံသား လေးဦးသည် ကမ္ဘာလုံးဆိုင်ရာ ကွန်ပြူတာ တိုက်ခိုက်ရေး ကမ်ပိန်းများ ပြုလုပ်ကာ ၎င်းတို့သည် ကွန်ပြူတာများထဲသို့ တရားမဝင် ဝင်ရောက်ကာ Infections Disease Research ကူးစက်ရောဂါဆိုင်ရာ သုတသန အပါအဝင် ၎င်းတို့ တိုက်ခိုက်သည့် အဖွဲ့များ၏ မူပိုင်များနှင့် လုပ်ငန်းဆိုင်ရာ အချက်အလက်များအား ခိုးယူသည့် အမှုဖြင့် တရားစွဲခံခဲ့ရပါသည်။

ပုံ ၁- APT40 လှုပ်ရှားမှုအတွက် TTP လုပ်ငန်းစဉ်အဆင့်ဆင့်ပြကားချပ်



ဤအုပ်စုသည် အစစ်အမှန်ကဲ့သို့ ဟန်ဆောင်ကာ တိုက်ခိုက်မှုလုပ်သည့် phishing ကမ်ပိန်းများကဲ့သို့သော အသုံးပြုသူများ၏ တုန့်ပြန်မှုကို ရယူသည့် နည်းလမ်းများထက် အားနည်းချက်ရှိသည့် စက်ပစ္စည်းများနှင့် အများနှင့် သက်ဆိုင်သည့် အခြေခံ အဆောက်အအုံများကို တိုက်ခိုက်မှုများ လုပ်ရန် ပို၍ အားသန်ကြောင်း တွေ့ရှိရပြီး ယုံကြည်ရသည့် အထောက်အထား များနှင့် ဝင်ရောက်ကာ နောက်နောင်တွင် တိုက်ခိုက်မှုများ လုပ်နိုင်မည့် နည်း လမ်းများကို ဦးစားပေးကြောင်း တွေ့ရပါသည်။ APT40 သည် မဆုတ်မနစ်သည့်နည်းဖြင့် တိုက်ခိုက်ရန်အတွက် web shells (T1505.003) ကို ပုံမှန်အသုံးပြုပြီး အထူးသဖြင့် အစောပိုင်း ကျူးကျော်ဝင်ရောက်သည့် ကာလတွင် ထိုနည်းလမ်းကို အသုံးပြုလေ့ရှိပါသည်။ သာမာန်အားဖြင့် ကနဦးဝင်ရောက်မှု ရရှိသည့်အခါ APT40 သည် တိုက်ခိုက်ခံရသူ၏ ဘေး ပတ်ဝန်းကျင်ထဲ ဆက်လက် ဝင်ရောက်နိုင်ရန်အတွက် မဆုတ်မနစ်သည့်နည်း ဖြင့် တိုက်ခိုက်မှုကို အခြေချနိုင်ရန် လုပ်ဆောင်ပါသည်။ သို့သော် ကနဦး ဝင်ရောက်သည့် ကာလကတည်းက ထိုမဆုတ်မနစ်သည့်နည်းဖြင့် တိုက်ခိုက် ကျူးကျော်သည့် ကာလအတွင်း လေ့လာပြီးသားဖြစ်သည့်အတွက် မည်သည့်တိုက်ခိုက်မှုဖြစ်စေ သို့မဟုတ် မည်ကဲ့သို့ တုန့်ပြန်မှု လုပ်သည်ဖြစ်စေ ၎င်းက လေ့လာပြီးသား ဖြစ်နိုင်ပါသည်။

ထူးခြားသည့် ထောက်လှမ်းမှုနည်းလမ်း

APT40 သည် ယခင်က သြစတြေးလျ၏ ဝဘ်ဆိုက်များကို ကွပ်ကဲမှုနှင့် ထိန်းချုပ်ရေး (C2) hosts ကို တိုက်ခိုက်သော်လည်း ယခုတွင် ၎င်းတို့၏ တိုက်ခိုက်မှုကို တဆင့်တိုးကာ (T1594) နည်းလမ်းဖြင့် တိုက်ခိုက်ပါသည်။

APT40 သည် တိုက်ခိုက်ခံရသည့် အသေးစားရုံး/ အိမ်၏ ရုံးမှ (SOHO) ပစ္စည်း များ အပါအဝင် ကမ္ဘာတွင် ခေတ်စားသည့် တိုက်ခိုက်ခံရသည့် စက်ပစ္စည်းများ ကို အသုံးပြုခြင်း နည်းလမ်းကို အခြေခံအဆောက်အအုံဆိုင်ရာ လုပ်ငန်းများနှင့် နောက်ဆုံးလမ်းကြောင်းအား ပြောင်းလဲပေးသည့် (T1584.008) လုပ်ငန်းများ သြစတြေးလျနိုင်ငံတွင် လုပ်ကိုင်နိုင်ရန်အတွက် အသုံးပြုပါသည်။ ဤကဲ့သို့ လုပ်ဆောင်ချက်က အာဏာပိုင်အေဂျင်စီများအား ၎င်းတို့ကို သရုပ်ဖော်ရာနှင့် ၎င်းတို့၏ လှုပ်ရှားမှုများကို ခြေရာခံနိုင်မှုတို့ ဖြစ်စေပါသည်။

အသေးစားရုံး/ အိမ်၏ ရုံးမှ (SOHO) စက်ပစ္စည်း အများအပြားသည် သက်တမ်းကုန်ဆုံးခြင်း သို့မဟုတ် ပြုပြင်မွမ်းမံခြင်းမရှိသည့် စက်ပစ္စည်း များဖြစ်သည့်အတွက် N-day တိုက်ခိုက်မှုလုပ်ရန်အတွက် ပစ်မှတ်ထားခံ ရသည့် အရာများ ဖြစ်စေပါသည်။ တိုက်ခိုက်ခံရပြီဆိုသည်နှင့် (SOHO) စက်ပစ္စည်းသည် အခြားသော ယုံကြည်ရသည့် အရာများကဲ့သို့ အရောတဝင် ပြုနိုင်အောင် အစပျိုးပေးသကဲ့သို့ ဖြစ်စေပြီး ထိုမှတစ်ဆင့် ကွန်ရက်ကို ကာ ကွယ်ပေးသည့် (T1001.003) အတွက် စိန်ခေါ်မှုများ ဖြစ်စေနိုင်ပါသည်။

ထိုနည်းလမ်းများကို အခြားသော တရုတ်ပြည်သူ့ သမ္မတနိုင်ငံမှ ကျောထောက်နောက်ခံပြုထားသည့် အုပ်စုများလည်း ကမ္ဘာတလွှားတွင် အသုံးပြုသည်ကို တွေ့ရှိရပြီး အာဏာပိုင် အေဂျင်စီများအနေဖြင့် ဤလုပ်ရပ် များကို ဘုံခြိမ်းခြောက်မှုအဖြစ် မှတ်ယူပါသည်။ အချက်အလက်ပိုများအား [တရုတ်ပြည်သူ့ သမ္မတ နိုင်ငံမှ ကျောထောက်နောက်ခံပြုထားသည့် ဆိုင်ဘာ တိုက်ခိုက်ရေး သမားများအနေဖြင့် Network Providers နှင့် စက်ပစ္စည်းများ တိုက်ခိုက်ခြင်း](#) နှင့် [တရုတ်ပြည်သူ့ သမ္မတ နိုင်ငံမှ ကျောထောက်နောက်ခံ ပြုထားသည့် ဆိုင်ဘာတိုက်ခိုက်ရေး သမားများအနေဖြင့် အမေရိကန်၏ အရေးကြီးသော အခြေခံအဆောက်အအုံတစ်ခုအား တိုက်ခိုက်ပြီး မဆုတ်မနစ်သော နည်းလမ်းဖြင့် ဝင်ရောက်ရန် ပြုလုပ်ခြင်း](#) အကြောင်းအား ပူးတွဲအကြံပြုချက်တွင် လေ့လာနိုင်ပါသည်။

APT40 သည် ၎င်းတို့၏ တိုက်ခိုက်မှုအတွင်း တခါတရံ ဝယ်ယူထားသည့် သို့မဟုတ် ငှားရမ်းထားသည့် အခြေခံ အဆောက်အအုံကို အသုံးပြုကာ victim-facing C2 နည်းဖြင့် တိုက်ခိုက်မှု လုပ်သော်လည်း ထိုထောက်လှမ်းမှု နည်းလမ်းအား အသုံးပြုမှု လျော့ကျလာသည်ကို တွေ့ရပါသည်။

လုံခြုံမှုရှိအောင် ကာကွယ်လုပ်ဆောင်ခြင်း

ASD ၏ ACSC အနေဖြင့် စုံစမ်းစစ်ဆေးမှုမှ တွေ့ရှိရသည့် မသမာသည့် ဖိုင်များကို အောက်ပါအတိုင်း မျှဝေဖော်ပြထားပါသည်။ ဤဖိုင်များအား VirusTotal တွင် တင်ထားပြီး ကွန်ရက်အား ကာကွယ်မှု ကျယ်ပြန့်စွာ လုပ်ကိုင်ရန်နှင့် ဆိုင်ဘာလုံခြုံရေး ကွန်မြူနီတီအနေဖြင့် ထိုခြိမ်းခြောက်မှုများကို ပိုမို နားလည်ပြီး ကာကွယ်မှု လုပ်နိုင်ရန်အတွက် ရည်ရွယ်ပါသည်။

ဖြစ်ရပ်မှန် နမူနာများ

ASD ၏ ACSC အနေဖြင့် အမည်မဖော်ထားသည့် စုံစမ်းစစ်ဆေးရေး အစီရင်ခံစာ နှစ်ခုကိုလည်း မျှဝေထားပြီး ထိုမသမာသူများသည် ၎င်းတို့၏ ပစ္စည်းများနှင့် စုံစမ်းထောက်လှမ်းမှု နည်းလမ်းများကို မည်ကဲ့သို့ လုပ်ဆောင်သနည်းဆိုသည်ကို လူအများသိရန် ရည်ရွယ်ထားပါသည်။

MD5	ဖိုင်နာမည်	အချက်အလက်ပိုများ
26a5a7e71a601be991073c78d513dee3	horizon.jsp	1 kB | Java Source
87c88f06a7464db2534bc78ec2b915de	Index_jsp$ProxyEndpoint$Attach.class	597 B | Java Bytecode
6a9bc68c9bc5cefaf1880ae6ffb1d0ca	Index_jsp.class	5 kB | Java Bytecode
64454645a9a21510226ab29e01e76d39	Index_jsp.java	5 kB | Java Source
e2175f91ce3da2e8d46b0639e941e13f	Index_jsp$ProxyEndpoint.class	4 kB | Java Bytecode
9f89f069466b8b5c9bf25c9374a4daf8	Index_jsp$ProxyEndpoint$1.class	3 kB | Java Bytecode
187d6f2ed2c80f805461d9119a5878ac	Index_jsp$ProxyEndpoint$2.class	1 kB | Java Bytecode
ed7178cec90ed21644e669378b3a97ec	Nova_jsp.class	7 kB | Java Bytecode
5bf7560d0a638e34035f85cd3788e258	Nova_jsp$TomcatListenerMemShellFromThread.class	8 kB | Java Bytecode
e02be0dc614523ddd7a28c9e9d500cff	Nova_jsp.java	15 kB | Java Source

ဖြစ်ရပ်မှန် နမူနာ 1

ဤအစီရင်ခံစာကို ကျယ်ပြန့်စွာ ဖြန့်ဝေရန်အတွက် ရည်ရွယ်သဖြင့် နာမည်ရင်းများကို ထိန်ချန်ထားပါသည်။ သည်နောက်ပိုင်းတွင် တိုက်ခိုက်ခံရသည့် အဖွဲ့အစည်းကို 'ထိုအဖွဲ့အစည်း' ဟု သုံးနှုန်းသွားမည် ဖြစ်သည်။ တိုက်ခိုက်ခံရသူ မည်သူမည်ဝါဖြစ်ကြောင်း ဖော်ပြနိုင်သည့် အချက်အလက် တချို့ကို ဖယ်ရှားထားသကဲ့သို့ ASD ၏ ACSC တုန့်ပြန်မှု နည်းလမ်းတချို့ကိုလည်း ဖယ်ရှားထားပါသည်။

အဓိကအကြောင်းအရာ အကျဉ်းချုပ်

ဤအစီရင်ခံစာတွင် ၂၀၂၂ ခုနှစ် ဇူလိုင်လနှင့် စက်တင်ဘာလအကြား တိုက်ခိုက်ခံရသည့် အဖွဲ့အစည်းတစ်ခု၏ ကွန်ရက်နှင့် ပတ်သက်ပြီး ASD အော်ကတွင်ရှိသည့် ACSC စုံစမ်းစစ်ဆေးမှု၏ တွေ့ရှိချက်များကို ဖော်ပြထားပါသည်။ ဤစုံစမ်းစစ်ဆေးချက် အစီရင်ခံစာအား အဖွဲ့အစည်းသို့ ပေးပို့ကာ ၎င်းအနေဖြင့် မသမာသည့် လှုပ်ရှားမှုများကို စောင့်ကြည့်ရန်နှင့် ပြန်လည် ပြုပြင်ထူထောင်မှုများ လုပ်ကိုင်နိုင်မည့် မူဘောင် အကြံပြုချက်များ ပေးပို့ခဲ့ပါသည်။ စုံစမ်းစစ်ဆေးချက်အရ APT40 မှ တိုက်ခိုက်မှုလုပ်ကြောင်း ပြသထားပါသည်။

ဩဂုတ်လလယ်ပိုင်းတွင် ASD ၏ ACSC မှ ထိုအဖွဲ့အစည်းကို ဆက်သွယ်ပြီး တိုက်ခိုက်ခံရနိုင်ခြေများသည့် ကွန်ရက်တစ်ခုအား မသမာသူများ အသုံးပြုကာ ၎င်း၏ ကွန်ရက်နှင့် ချိတ်ဆက်မှုလုပ်နေကြောင်း အသိပေးရာမှ ဩဂုတ်လနှောင်းပိုင်းတွင် ထိုအဖွဲ့အစည်း၏ ခွင့်ပြုချက်ဖြင့် ASD ၏ ACSC မှ host-based ဆင်ဆာ များ အသုံးပြုကာ အဖွဲ့အစည်း၏ ကွန်ရက်ကို တိုက်ခိုက်နိုင်သည့်လုပ်ရပ်များကို စောင့်ကြည့်ခဲ့ပါသည်။ ထိုဆင်ဆာများသည် ASD ၏ ACSC အား ဒီဂျစ်တယ်ဆိုင်ရာ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နိုင်စေရန်အတွက် အခင်းဖြစ်ပွားမှုကို တုန့်ပြန်သည့် အသေးစိတ် အချက်အလက်များကို ရရှိစေပါသည်။ ရရှိသည့် ဆင်ဆာ၏ ဒေတာများကို အသုံးပြုကာ ASD ၏ ACSC မှ အသေးစိတ် ခွဲခြမ်းစိတ်ဖြာမှုလုပ်ပြီး လေ့လာသည့်အခါ မသမာသူ အဖွဲ့များ၏ လှုပ်ရှားမှုကို ပုံဖော်နိုင်ပြီး ၎င်းတို့၏ လှုပ်ရှားမှု အခင်းအကျင်းများ၏ အချိန်ဇယားများကိုလည်း မှတ်သားနိုင်ခဲ့ပါသည်။

ဇူလိုင်လမှ ဩဂုတ်လအထိ ASD ၏ ACSC မှ တွေ့ရသည့် မသမာသူများ၏ အဓိက လှုပ်ရှားမှုထဲတွင် -

- မသမာသူများအနေဖြင့် ကွန်ရက်အတွင်းတွင် ၎င်းတို့၏ လှုပ်ရှားမှု မြေပုံကို ထားရှိရန်အတွက် Host အတွင်းမှ လုပ်ငန်းစဉ်ကို ဖော်ထုတ်ခြင်း
- မသမာသူများသည် ကွန်ရက်အတွင်း ကနဦး အခြေချနိုင်ရန်နှင့် ကွပ်ကဲမှု စွမ်းရည်ကို ဖျက်ဆီးရန်အတွက် web shell ကို အသုံးပြုခြင်း
- မသမာသည့် ရည်ရွယ်ချက်များဖြင့် အခြားသော ပစ္စည်းများကို အသုံးပြုခြင်းများ ပါဝင်ပါသည်။

စုံစမ်းစစ်ဆေးမှုအတွင်း တွေ့ရှိရသည်မှာ ထိလွယ်ရှလွယ်သော ဒေတာ အချက်အလက်များကို မသမာသူများ ရရှိပြီး ၎င်းတို့သည် (T1021.002) ကွန်ရက်အတွင်းရှိ စနစ်များအကြား သွားလာလှုပ်ရှားမှုများ ပြုလုပ်သည့် သက်သေအထောက်အထားများ တွေ့ခဲ့ရပါသည်။ တိုက်ခိုက်ခံရမှု အများစုသည် ကွန်ရက်အတွင်း ထိုအဖွဲ့၏ ရှိနှင့်ပြီးသား vectorများ၏ မျိုးစုံသော လှုပ်ရှားမှုကြောင့် ဖြစ်ရပါသည်၊ ကွန်ရက်သည် ပြားချပ်နေသည့် ပုံသဏ္ဌာန်ရှိပြီး ထင်ရာမြင်ရာ ဖိုင်များကို upload လုပ်ရန်အတွက် လုံခြုံမှု မရှိသည့် အတွင်းပိုင်းထုတ် ဆော့ဖ်ဝဲများ အသုံးပြုခြင်းတို့ကြောင့် ဖြစ်ပါသည်။ ဒေတာအချက်အလက်များကို လျှို့ဝှက်စွာ ထုတ်ယူရာတွင် အထူးခွင့်ပြုချက်ရမှ ဝင်ရောက်ခွင့်ရှိသည့် credentialဖြင့် ထိုအဖွဲ့အား log in ဝင်ခြင်းများ ပြုလုပ်နိုင်စေသကဲ့သို့ မူလဝင်ရောက်ခွင့် vector ပိတ်ချခံထားသော်လည်း မသမာသူများအား ခွင့်ပြုချက်ကန့်သတ်ထားသည့် အရာများကို ပြန်လည် ဝင်ရောက်ခွင့်ရရှိစေပါသည်။ စတင်အတိုက်ခိုက်ခံရသည့် စက်တွင် မသမာသည့် ပစ္စည်းပိုများကို မတွေ့ရပါ- သို့သော် ထိုအဖွဲ့သည် စစ်မှန်သည့်အကောင့်၊ အခွင့်ထူးရရှိသည့် credentials အချက်အလက်များဖြင့် ဝင်ရောက်သည့်အတွက် မသမာသည့် ပစ္စည်းများ ပိုသုံးရန်မလိုတော့ခြင်း ဖြစ်စေနိုင်ပါသည်။ စုံစမ်းစစ်ဆေးမှု၏ တွေ့ရှိချက်များအရ အားနည်းချက်များရှိကြောင်း လူအများသိရှိရာက အခွင့်အလမ်းသာ၍ တိုက်ခိုက်ခံရခြင်းမျိုးထက် ထိုအဖွဲ့အစည်းသည် တမင်တကာ APT40 ၏ ပစ်မှတ်ထားမှုကို ခံရဟန်ရှိပါသည်။

စုံစမ်းစစ်ဆေးမှု၏ တွေ့ရှိချက်များ

၂၀၂၂ ခုနှစ် ဩဂုတ်လလယ်ပိုင်းတွင် ASD ၏ ACSC က နိုင်ငံတစ်ခုမှ ကျောထောက်နောက်ခံပြုထားသည့် မသမာသော IP တစ်ခုသည် ထိုအဖွဲ့အစည်း၏ ကွန်ပြူတာ ကွန်ရက်များထဲသို့ အနည်းဆုံးဇူလိုင်လနှင့် ဩဂုတ်လထဲတွင် ဝင်ရောက်ရန် ကြိုးစားမှုရှိခဲ့ကြောင်း ထိုအဖွဲ့အစည်းအား အကြောင်းကြားခဲ့ပါသည်။ တိုက်ခိုက်ခံရသည့် စက်ပစ္စည်းတစ်ခုမှာ အသေးစား လုပ်ငန်းသုံးပစ္စည်း သို့မဟုတ် အိမ်သုံး စက်ပစ္စည်း ဖြစ်ဟန် ရှိပါသည်။

ဩဂုတ်လ နှောင်းပိုင်းတွင် ASD ၏ ACSC မှ ထိုအဖွဲ့အစည်း၏ ကွန်ရက်တွင် hosts လုပ်ရန်အတွက် host-based agent ကို အသုံးပြုခဲ့ပြီး ထိုအရာက တိုက်ခိုက်ခံရမှုအတွင်း မည်သည့်အချက်များအပေါ် သက်ရောက်မှုရှိခဲ့ကြောင်း သက်သေအထောက်အထားကို ပြသနိုင်ခဲ့ပါသည်။

စုံစမ်းစစ်ဆေးမှုများကို အထောက်အကူပြုစေမည့် တချို့သော အရာများရှိလျင် အထောက်အကူပြုနိုင်သော်လည်း logging ဖွဲ့စည်းမှုနှင့် ကွန်ရက်ဒီဇိုင်း အနေအထားကြောင့် မရနိုင်ခဲ့ပေ။ သို့သော်လည်း ထိုအဖွဲ့အစည်းအနေဖြင့် ရရှိသည့် ဒေတာအချက်အလက်များအားလုံးကို ASD ၏ ACSC အား မျဉဝေရန် အသင့်အနေအထားရှိသည့်အတွက် တုန့်ပြန်ဖြေရှင်းသူများအနေဖြင့် ထိုတိုက်ခိုက်မှု အဖြစ်အပျက်အား အသေးစိတ် ခွဲခြမ်းစိတ်ဖြာ လေ့လာမှု လုပ်နိုင်ခဲ့သကဲ့သို့ APT40 ၏ ကွန်ရက်အတွင်း လှုပ်ရှားမှုများကိုလည်း နားလည်သဘောပေါက်မှု ရရှိစေခဲ့ပါသည်။

စက်တင်ဘာလတွင် ASD ၏ ACSC နှင့် တိုင်ပင်ဆွေးနွေးမှုလုပ်ပြီးနောက်ပိုင်း ထိုအဖွဲ့အစည်းသည် အစောပိုင်းတွင် ဖော်ပြခဲ့သည့် မသမာသည့် IP ကို အပယ်စာရင်းထဲ ထည့်ရန် ဆုံးဖြတ်ခဲ့ပါသည်။ အောက်တိုဘာလအတွင် ထို အဖွဲ့အစည်းက ပြန်လည်ပြုပြင်ထူထောင်မှုများ ပြုလုပ်ခဲ့ပါသည်။

အသေးစိတ်များ

ဇူလိုင်လ အစောပိုင်းတွင် မသမာသူများက (T1190) custom web application ကို စမ်းသပ်ခြင်းနှင့် အလွဲသုံးစားမှုလုပ်နိုင်ခဲ့ပြီး `<webapp>2-ext` တွင် လည်ပတ်မှုလုပ်ခဲ့ကာ ၎င်းသည် ကွန်ရက်၏ စစ်မဲ့ဇုန် (DMZ) တွင် ခြေကုတ်မှု ရရှိစေခဲ့ပါသည်။ ထိုအရာက ကွန်ရက်အပြင် မြင်သာသည့် ဒိုမိန်းများအားလုံးကို စာရင်းသွင်းခြင်းများ လုပ်ခဲ့ပါသည်။ စက်ပစ္စည်းတချို့၏ စစ်မဲ့ဇုန် DMZ မှတဆင့် အခိုးခံရသည့် အချက်အလက် credentials (T1078.002) ကို Active Directory (T1018) အား query လုပ်ရန်နှင့် file shares (T1039) ကို စတင်ပြီး အချက်အလက်များကို ခိုးယူထုတ်ရန် အတွက် ပြင်ဆင်မှုများ လုပ်ဆောင်ခဲ့ပါသည်။ မသမာသူများသည် (T1558.003) ဆာဗာမှ ကွန်ရက်၏ credentials အချက်အလက် အစစ်အမှန်များ ရရှိရန်အတွက် Kerberoasting နည်းဖြင့် တိုက်ခိုက်မှု လုပ်ခဲ့ပါသည်။ ထိုအဖွဲ့သည် စစ်မဲ့ဇုန်နှင့် ကွန်ရက်အတွင်းတွင် မည်သည့် နေရာမှ ထပ်မံ ဝင်ရောက်မှု မရှိခဲ့ကြောင်း တွေ့ရှိရပါသည်။

မြင်သာသော ဇယား

အောက်ပါ ဇယားကွက်သည် ထိုအဖွဲ့အစည်း၏ ကွန်ရက်တိုက်ခိုက်မှုအတွင်း မသမာသူများ အသုံးပြုသည့် အဓိက အဆင့်များ၏ ယေဘုယျခြုံငုံသုံးသပ်ချက်ကို ဖော်ပြထားပါသည်။

ကနဦး ရှာဖွေတွေ့ရှိချက်

အဖွဲ့အစည်းအတွက် သီးသန့်တည်ဆောက်ပေးသည့် ဝဘ်အက်ပလီကေးရှင်းကို မသမာသူများ စမ်းသပ်ကြည့်ခြင်း

အလွဲသုံးစားခြင်း

T1190 Public-Facing Application ကို အလွဲသုံးစားခြင်း

Web application ကို အလွဲသုံးစားခြင်းနှင့် web shell ကို ဖန်တီးခြင်း

Host ကို စာရင်းမှတ်သားခြင်း

T1082 စနစ်အချက်အလက်ကို ရှာဖွေတွေ့ရှိခြင်း

Host ကို စာရင်းမှတ်သားခြင်းနှင့် မဆုတ်မနစ်မှုကို အခြေချခြင်း

အထောက်အထားပြည့်စုံစွာ အသုံးပြုကာ ဝင်ရောက်ခြင်းကို ပထမဆုံး တွေ့ရှိခြင်း

မသမာသည့် ဆက်သွယ်မှု

အဖွဲ့အစည်း၏ စက်ပစ္စည်းအား နိုင်ငံတော်၏ ကျောထောက်နောက်ခံမှု ရှိသည့် အခြေခံအဆောက်အအုံတစ်ခုမှ မသမာသည့် ဆက်သွယ်မှုလုပ်ခြင်းကို ပထမဆုံးတွေ့ရှိခြင်း

ကွန်ရက် စူးစမ်းထောက်လှမ်းမှု

T1021.002 အဝေးထိန်း ဝန်ဆောင်မှု - SMB/Windows Admin Shares

T1135 Network Share Discovery

ကွန်ရက်အခြေစိုက် စူးစမ်းထောက်လှမ်းမှုနှင့် လှုပ်ရှားမှုထဲတွင် - SMB shares ကို တပ်ဆင်ခြင်း၊ ကွန်ရက်အခြေစိုက် scanning နှင့် ဒိုမိန်းများကို စာရင်းသွင်းခြင်းတို့ ပါဝင်ပါသည်။

ချိတ်ဆက်မှု ရရှိရန် ပြန်လည်လုပ်ဆောင်ခြင်း

T1090 Proxy

မသမာသူများ ssf tool (ဇူလိုင် 28 ရက်နှင့် အချို့နေ့များတွင် ပြုလုပ်သည့် လှုပ်ရှားမှုနှင့် ဆင်တူ) နှင့် ချိတ်ဆက်မှု ရရှိရန် ပြန်လည်လုပ်ဆောင်ခြင်း

အသေးစိတ် အချိန်ဇယား

ဇူလိုင် - မသမာသူများသည် (T1102) transport layer security (TLS) ချိတ်ဆက်မှုမှတဆင့် အဖွဲ့အစည်းအတွက် သီးသန့်ဖန်တီးပေးထားသည့် web application ရှေ့စာမျက်နှာ (T1190) ဖြင့် ကနဦးချိတ်ဆက်မှုရရှိရန် ကြိုးစားခဲ့သည်။ (ဤနောက်ပိုင်း 'web application' သို့မဟုတ် '*webapp*') ဟုသာခေါ်ဆိုမည်။ တခြား သိသာမှတ်သားဖွယ်ရာ လှုပ်ရှားမှုများ မတွေ့ရပါ။

ဇူလိုင် - မသမာသူများသည် ပိုမို စုံစမ်းမှုလုပ်ရန်အတွက် အဆုံးမှတ်များ endpoints[2] ကို ရှာကြည့်သည့်အနေဖြင့် web application အား စတင်စာရင်းမှတ်သားမှုများ လုပ်ခဲ့ပါသည်။

July: သီးသန့် အဆုံးမှတ် Endpoint တစ်ခုကို အလွဲသုံးစား တိုက်ခိုက်ရန် အတွက် မသမာသူများ စတင်အာရုံစူးစိုက် လုပ်ဆောင်ခဲ့ပါသည်။

ဇူလိုင် - မသမာသူများအနေဖြင့် web server ဆီ အောင်မြင်စွာ `POST` ပို့ဆောင် နိုင်ခဲ့ပြီး တခြားစာမျက်နှာတွင်ရှိသည့် web shell မှတဆင့် ပြုလုပ်ခဲ့ဟန် ရှိသည်။ ထိုမသမာသူများ အသုံးပြုသည်ဟု ထင်ရသည့် နောက်ထပ် IP တစ်ခုလည်း ထို URL ကို တင်ခြင်းမျိုး စတင်ပြုလုပ်ခဲ့ပါသည်။ မသမာသူများက web shells များကို ဖန်တီးပြီး စမ်းသပ်မှုများ လုပ်ခဲ့သည်။

မည်သည့် အလွဲသုံးစားမှု နည်းလမ်းအား အသုံးပြုခဲ့သည်ကို အတိအကျ မသိရသော်လည်း သီးသန့် အဆုံးမှတ် endpoint တစ်ခုအား ပစ်မှတ်ထားခဲ့သည်မှာ သေခြာပြီး `<webapp>2-ext` တွင် ဖိုင်များ ဖန်တီးရန် လုပ်ဆောင်ခဲ့ပါသည်။

ဆက်သွယ်မှု ရယူရန် ကြိုးပမ်းသည့် IP လိပ်စာ နှစ်ခုစလုံးသည် တူညီသောအုပ်စုက ပိုင်ဆိုင်သည်ဟု ASD ၏ ACSC အနေဖြင့် ယုံကြည်ပြီး အကြောင်းရင်းမှာ ၎င်းတို့ နှစ်ခုစလုံးသည် လိုချင်မှုများ တူညီကြသလို ကနဦး ချိတ်ဆက်မှု ရရှိရန် ကြိုးစားလုပ်ဆောင်သည့် အချိန်သည်လည်း မိနစ်ပိုင်းလောက်သာ ကွာခြားသည့်အတွက် ဖြစ်ပါသည်။

ဇူလိုင် - ထိုမသမာသည့် အုပ်စုသည် host ကို စာရင်းမှတ်သားခြင်းများ ဆက်လက်လုပ်ဆောင်ပြီး အခွင့်ထူး ဝင်ခွင့်ရရန် အခွင့်အလမ်းကို ရှာဖွေပြီး တခြား web shells များကိုလည်း အသုံးပြုမှု လုပ်ခဲ့ပါသည်။ မသမာသူများသည် `<firstname.surname>@<organisation domain>`ထဲ ဝင်ရောက်နိုင်ရန်အတွက် အခိုးခံရသည့် credentials အထောက်အထားများကို အသုံးပြုခဲ့ပါသည်။

မသမာသူများအနေဖြင့် `<webapp>2-ext` တွင် ရရှိသည့် ခွင့်ပြုချက်ထက် အခွင့်အရေးတိုးချဲ့ ရယူခြင်း privilege escalation လုပ်ရန် ကြိုးစားခဲ့သော်လည်း အောင်မြင်ခဲ့ဟန် မရှိပါ။ ထိုအစား မသမာသူများသည် ကွန်ရက်အခြေပြု လှုပ်ရှားမှုကို အာရုံစူးစိုက်ခဲ့ကြပါသည်။

ဇူလိုင် - မသမာသူများသည်[3] ဝန်ဆောင်မှု အကောင့်အတွက် အခိုးခံရသည့် credentials အချက်အလက်များဖြင့် internally accessible binaries တွင် hardcoded များ တွေ့ရှိခဲ့ဟန် ရှိပါသည်။

ဇူလိုင် - မသမာသူများသည် open-source ပစ္စည်းဖြစ်သည့် Secure Socket Funnelling ကို အသုံးပြုပြီး ၎င်းအား မသမာသည့် အခြေခံအဆောက်အအုံများနှင့် ချိတ်ဆက်ရန်အတွက် အသုံးပြုခဲ့သည်။ ထိုချိတ်ဆက်မှုသည် မသမာသူမှ အဖွဲ့အစည်း၏ အတွင်းကွန်ရက်ထဲဒေတာ စီးဆင်းမှုရရှိရန်အတွက် လုပ်ဆောင်ခြင်းဖြစ်ပြီး ဝန်ဆောင်မှုအတွက် credentials များ အသုံးပြုရန် ကြိုးစားစဉ်အတွင်း ထိုအဖွဲ့အစည်း၏ စက်နာမည်နှင့် အဖြစ်အပျက် စာရင်းများ event logs များ ပေါက်ကြားမှု ဖြစ်ခဲ့ပါသည်။

ဩဂုတ် - မသမာသူများသည် အကန့်အသတ်ရှိသည့် လှုပ်ရှားမှုများ လုပ်ခဲ့သည်ကို တွေ့ရပြီး ထိုအထဲတွင် ဝန်ဆောင်မှုအကောင့်နှင့် ချိတ်ဆက်မှုရရှိရန် ကြိုးစားရာတွင် အောင်မြင်ခြင်းမရှိသည့် လုပ်ရပ်လည်း ပါဝင်ပါသည်။

ဩဂုတ် - မသမာသူများသည် ကွန်ရက်နှင့် Active Directory များကို စာရင်းမှတ်သားခြင်းများ သိသိသာသာ လုပ်ဆောင်ခဲ့ပါသည်။ Windows machines ထဲမှ စစ်မဲ့ဇုန်DMZ တွင် mount shares[4] ကို ပြင်ဆင်မှုများ လုပ်ပြီး အချက်အလက်များကို အောင်မြင်စွာ ခိုးယူရန်အတွက် တခြားအခိုးခံရသည့် အကောင့်တစ်ခုကို အသုံးပြုခဲ့ပါသည်။

DMZ အတွင်း ပြင်ဆင်ရေးစက်များထဲတွင် အခိုးခံရသည့် credential အချက်အလက်တစ်ခုကို အသုံးပြုရန်အတွက် အခွင့်အလမ်းရရှိခဲ့ဟန် ရှိပါသည်။ Firewalls မှ မသမာသူအား ပစ်မှတ်ထားခံရသည့် အတွင်းပိုင်းကွန်ရက်မှ အလားတူ လှုပ်ရှားမှုများ မလုပ်နိုင်အောင် ကာကွယ်ပေးခဲ့ပါသည်။

ဩဂုတ် - **စက်တင်ဘာ** SSF tool ကို ပြန်လည်အသုံးချကာ မသမာသည့် IP နှင့် ပြန်လည်ချိတ်ဆက်မှုရရန် လုပ်ဆောင်ခဲ့ပါသည်။ ထိုအဖွဲ့သည် ၎င်းတို့၏ ဝင်ရောက်မှုကို ပိတ်ပင်လိုက်သည့်အချိန်အထိ မည်သည့်လှုပ်ရှားမှုများမှ ထပ်လုပ်သည်ကို မတွေ့ရပါ။

စက်တင်ဘာ - အဖွဲ့အစည်းက ၎င်း၏ firewalls ကို အသုံးပြုကာ ထိုမသမာသည့် IP ကို စာရင်းမှ ပယ်ဖျက်ခြင်းလုပ်ကာ ပိတ်ဆို့မှု လုပ်လိုက်ပါသည်။

2 ဤအနေအထားတွင် အဆုံးမှတ် endpoint ဆိုသည်မှာ web application အတွင်းရှိ လုပ်ဆောင်ချက်တစ်ခု ဖြစ်ပါသည်။

3 ဝန်ဆောင်မှုအကောင့်သည် တစ်ဦးတစ်ယောက်နှင့် ဆက်စပ်မှုမရှိပဲ ဝန်ဆောင်မှုများနှင့် ဆက်စပ်ပါသည်။ Microsoft corporate ဒိုမိန်းတစ်ခုတည်းတွင် အကောင့်အမျိုးအစားပေါင်း များစွာ ရှိပါသည်။

4 Mounting shares ဆိုသည်မှာ ဖိုင်ဖွဲ့စည်းပုံ စနစ်တွင် အသုံးပြုသူ သို့မဟုတ် အသုံးပြုသည့် အဖွဲ့အတွက် ဖိုင်များကို ဖန်တီးလုပ်ဆောင်ပေးခြင်း ဖြစ်ပါသည်။

မသမာသူများ အသုံးပြုသည့် နည်းဗျူးဟာ နှင့် နည်းပညာများ

MITRE ATT&CK မူဘောင်ဆိုသည်မှာ ဆိုင်ဘာလောကတွင် မသမာသည့် သူများအသုံးပြုသည့် နည်းဗျူဟာနှင့် နည်းပညာများကို စုဆောင်းထားသည့် စာရွက်စာတမ်း ဖြစ်ပါသည်။ ထိုမူဘောင်ကို အမေရိကန်မှ အကျိုးအမြတ် မယူသည့် The MITRE Corporation မှ စုစည်းဖန်တီးပေးခြင်းဖြစ်ပြီး မသမာသူများ၏ အပြုအမူနှင့် ပတ်သက်ပြီး တကမ္ဘာလုံး အသုံးပြုသည့် ဘုံဘာသာစကားအဖြစ် ဆောင်ရွက်ပေးပါသည်။

ASD ၏ ACSC သည် မသမာသူများ၏ တရားမဝင် လှုပ်ရှားမှုနဲ့ သင့်တော်သည့် နည်းပညာနှင့် နည်းဗျူဟာများကို အောက်ပါအတိုင်း လေ့လာမှတ်သားထားပါသည်။

စူးစမ်းထောက်လှမ်းခြင်း

T1594 – တိုက်ခိုက်ခံရသူ ပိုင်ဆိုင်သည့် ဝဘ်ဆိုက်ကို ရှာဖွေခြင်း

မသမာသူများသည် ကွန်ရက်ထဲ ဝင်ရောက်နိုင်သည့် အခွင့်အရေး ရရှိရန် အတွက် web application ၏ ဝဘ်ဆိုက်ကို မှတ်သားထားခြင်းမျိုး လုပ်ပါသည်။

ကနဦး ဝင်ရောက်ချက်

T1190 – အများပြည်သူနှင့် သက်ဆိုင်သည့် အက်ပလီကေးရှင်းများကို အလွဲသုံးစားတိုက်ခိုက်ခြင်း (သီးသန့်ပြုလုပ်ထားသည့် web application နှင့် ပတ်သက်၍)

T1078.002 – စစ်မှန်သော အကောင့်များ - ဒိုမိန်း အကောင့်များ (အခိုးခံရသည့် ပြည့်စုံသော အထောက်အထား အချက်အလက် မှတ်တမ်းများနှင့် ပတ်သက်၍)

မသမာသူကို ကနဦး ဝင်ရောက်နိုင်စေမည့် လမ်းကြောင်းကို ထားရှိပေးရန်အတွက် အင်တာနက်နှင့် ထိတွေ့မှုရှိသည့် သီးသန့်ပြုလုပ်ထားသည့် web application ကို အလွဲသုံးစားလုပ်ခြင်း ဖြစ်ပါသည်။ မသမာသူသည် နောက်ပိုင်းတွင် ၎င်းတို့ ခိုးယူထားသည့် ပြည့်စုံသော အထောက်အထားများကို အသုံးပြုကာ ကွန်ရက်အတွင်း ထပ်မံဝင်ရောက်မှုများ လုပ်ဆောင်နိုင်ခဲ့ပါသည်။

ဖယ်ရှားကွပ်မျက်ခြင်း

T1059 – ကွပ်ကဲခြင်း နှင့် Scripting Interpreter (web shell မှတဆင့် ကွပ်ကဲခြင်းကို ဖယ်ရှားကွပ်မျက်ခြင်းနှင့် ပတ်သက်၍)

T1072 – Software ဖွံ့ဖြိုးရေး ပစ္စည်း (မသမာသူသည် IP နှင့် ချိတ်ဆက်ရန် အတွက် open-source ပစ္စည်းတစ်ခုဖြစ်သည့် Secure Socket Funnelling (SSF) ကို အသုံးပြုခြင်းနှင့် ပတ်သက်၍)

မဆုတ်မနစ် ကြိုးစားခြင်း

T1505.003 – Server Software Component - Web Shell (web shell အသုံးပြုခြင်းနှင့် ဝင်ရောက်ခွင့်ရရန် SSF ကို အသုံးပြုခြင်းနှင့် ပတ်သက်၍)

လျှို့ဝှက်အချက်အလက်များ ရယူခြင်း

T1552.001 – လျှို့ဝှက်ကုဒ် password ကို သိုလှောင်ရုံမှ ပြည့်စုံသော အထောက်အထားများ (password files နှင့် ဆက်စပ်သည့် စီမံခန့်ခွဲရေး စနစ်(BMS))ကို တည်ဆောက်ရေးနှင့် ပတ်သက်၍)

T1558.003 – Kerberos Tickets ကို ခိုးယူခြင်း သို့မဟုတ် တုပခြင်း - Kerberoasting (ကွန်ရက်ထဲ ဝင်ရောက်ခွင့် အထောက်အထားများ ရရှိရန် အတွက် ပြုလုပ်သည့် တိုက်ခိုက်မှုနှင့် ဆက်စပ်၍)

စနစ်များအကြား ရွှေ့ပြောင်းမှုလုပ်ခြင်း

T1021.002 – အဝေးထိန်း ဝန်ဆောင်မှုများ - SMB Shares (မသမာသူများမှ စက်ပစ္စည်းတချို့မှ SMB shares ကို ပြင်ဆင်ခြင်းနှင့် ပတ်သက်၍)

စုဆောင်းခြင်း

T1213 – Information Repositories မှ ဒေတာ အချက်အလက်များ (BMS server တွင် တွေ့ရသည့် လက်စွဲစာအုပ်/ စာရွက်စာတမ်းနှင့် ပတ်သက်၍)

လျှို့ဝှက်စွာ ထုတ်ယူခြင်း

T1041 – C2 Channel မှ အချက်အလက်ကို လျှို့ဝှက်စွာ ထုတ်ယူခြင်း (Active Directory နှင့် mounting shares မှ ဒေတာများကို မသမာသူ လျှို့ဝှက်စွာ ထုတ်ယူခြင်းနှင့် ပတ်သက်၍)

ဖြစ်ရပ်မှန် နမူနာ ၂

ဤအစီရင်ခံစာကို ကျယ်ပြန့်စွာ ဖြန့်ဝေရန်အတွက် ရည်ရွယ်သဖြင့် နာမည်ရင်းများကို ထိန်ချန်ထားပါသည်။ သည်နောက်ပိုင်းတွင် တိုက်ခိုက်ခံရသည့် အဖွဲ့အစည်းကို 'ထိုအဖွဲ့အစည်း' ဟု သုံးနှုန်းသွားမည် ဖြစ်သည်။ တိုက်ခိုက်ခံရသူ မည်သူမည်ဝါဖြစ်ကြောင်း ဖော်ပြနိုင်သည့် အချက်အလက် တချို့ကို ဖယ်ရှားထားသကဲ့သို့ ASD ၏ ACSC တုန့်ပြန်မှု နည်းလမ်းအချို့ကိုလည်း ဖယ်ရှားထားပါသည်။

အဓိကအကြောင်းအရာ အကျဉ်းချုပ်

ဤအစီရင်ခံစာသည် 2022 ခုနှစ် ဧပြီလအတွင်း ထိုအဖွဲ့အစည်း၏ ကွန်ရက်တိုက်ခိုက်ခံရခြင်းနှင့် ဆက်စပ်ပြီး ASD ၏ ACSCစုံစမ်းစစ်ဆေးမှု၏ တွေ့ရှိချက် အသေးစိတ်ကို ဖော်ပြထားပါသည်။ မသမာသူများ၏ လှုပ်ရှားမှု အကျဉ်းချုံးနှင့် ပြန်လည်ထူထောင်မှု လုပ်ရန်အတွက် အကြံပြုချက်များကို အကောင်အထည်ဖော်ရန်အတွက် ဤအစီရင်ခံစာအား ထိုအဖွဲ့အစည်းကို ပေးအပ်ခဲ့ပါသည်။ တိုက်ခိုက်မှုကို APT40 မှ ပြုလုပ်ခဲ့ကြောင်း စစ်ဆေးတွေ့ရှိရပါသည်။

၂၀၂၂ ခုနှစ် မေလတွင် ASD ၏ ACSC မှ ထိုအဖွဲ့အစည်းအား ၎င်း၏ ကွန်ရက်သည် ၂၀၂၂ ခုနှစ် ဧပြီလမှစ၍ သံသယဖြစ်ဖွယ်ရာ မသမာသည့် ဆိုင်ဘာလှုပ်ရှားမှု၏ ဒဏ်ကို ခံရနိုင်ကြောင်း အသိပေးမှု လုပ်ခဲ့ပါသည်။ နောက်ပိုင်းတွင် ထိုအဖွဲ့အစည်းက အင်တာနက်ဖြင့် ချိတ်ထားသည့် အဝေးမှ ဝင်ရောက်ခွင့် ၏ login portal တွင် မသမာသည့် ဆော့ဖ်ဝဲကို ရှာဖွေတွေ့ရှိခဲ့ကြောင်း ASD ၏ ACSC ကို အကြောင်းကြားခဲ့ပါသည်။ ဤ ဆာဗာသည် အဝေးမှ ဝင်ရောက်ခွင့် login နှင့် အထောက်အထား စီမံခန့်ခွဲရေး ထုတ်ကုန်ကို အသုံးပြုခဲ့ပြီး ဤအစီရင်ခံစာထဲတွင် ၎င်းကို 'တိုက်ခိုက်ခံရသည့် ကိရိယာ' ဟု ရည်ညွှန်းမည် ဖြစ်ပါသည်။ ASD ၏ ACSC ၏ စုံစမ်းစစ်ဆေးမှုကို အခြေခံကာ အဖွဲ့အစည်းအတွက် စုံစမ်းစစ်ဆေးရေး တွေ့ရှိချက်များနှင့် တိုက်ခိုက်ခံရပြီးနောက် မည်ကဲ့သို့ ပြန်လည်ထူထောင်မှုများ လုပ်နိုင်သည်ဆိုသည့် အကြံပြုချက်များကို ဖော်ပြထားပါသည်။

သက်သေများအရ အနည်းဆုံး ၂၀၂၂ ခုနှစ် ဧပြီလမှ စတင်၍ ထိုအဖွဲ့အစည်း၏ ကွန်ရက်သည် ၎င်း၏ အဝေးမှဝင်ရောက်ခွင့် login portal မှတဆင့် မသမာသူများ၏ တိုက်ခိုက်မှုကို ခံခဲ့ရကြောင်း တွေ့ရှိရပါသည်။ ဤဆာဗာသည် တစ်ဦးထက်မကသော မသမာသူများ၏ တိုက်ခိုက်မှုကို ခံရဖွယ်ရှိပြီး တိုက်ခိုက်ခံရသည့် ကာလအတွင်း ကျယ်ကျယ်ပြန့်ပြန့် သိကြသည့် remote code execution (RCE) အားနည်းချက်မှတဆင့် တိုက်ခိုက်ခံရနိုင်ဖွယ် ရှိပါသည်။

ASC ၏ ACSC မှ လေ့လာမိသည့် မသမာသူ၏ အဓိက လှုပ်ရှားမှုထဲတွင် -

- host ကို မှတ်တမ်းယူခြင်း၊ ထိုလုပ်ရပ်သည် မသမာသူကို ကွန်ရက်အတွင်း ၎င်း၏ ကိုယ်ပိုင်မြေပုံကို တည်ဆောက်ခွင့်ရရှိစေခြင်း
- အင်တာနက်နှင့် ချိတ်ဆက်မှုရှိသည့် application များကို အလွဲသုံးစားခြင်းနှင့် web shell ကို အသုံးပြုခြင်း - ထိုလုပ်ရပ်သည် မသမာသူကို ကွပ်ကဲရေးကို အကောင်အထည်ဖော်ရန်အတွက် ကွန်ရက်ထဲတွင် ခြေကုတ်ရယူစေခြင်း
- ဆော့ဖ်ဝဲ၏ အားနည်းချက်များကို အလွဲသုံးစားလုပ်ကာ ရရှိသည့် ခွင့်ပြုချက်ထက် အခွင့်အရေးတိုးချဲ့ ရယူခြင်း
- အထောက်အထားခိုင်သည့် credential အချက်အလက်များကို စုဆောင်းကာ စနစ်အတွင်း ရွှေ့လျားနိုင်အောင် လုပ်ဆောင်ခြင်း

ASD ၏ ACSC တွေ့ရှိချက်အရ မသမာသူသည် ၂၀၂၂ ခုနှစ် ဧပြီလတွင် တိုက်ခိုက်ခံရသည့် ကွန်ရက်အတွင်းမှ ထူးခြားသည့် username နှင့် password ရာနဲ့ချီကို လျှို့ဝှက်စွာ ခိုးထုတ်ခဲ့ကြောင်း တွေ့ရပြီး အချက်အလက်မျိုးစုံဖြင့် အတည်ပြုရသည့် ကုဒ်ပေါင်း ရာနှင့်ချီအပြင် အဝေးမှ ဝင်ရောက်ခွင့်ဆိုင်ရာ နည်းပညာ ပစ္စည်း၏ အချက်အလက်များကိုလည်း ခိုးထုတ်ခဲ့ပါသည်။ ထို အဖွဲ့အစည်း၏ ဆန်းစစ်မှုအရ password များသည် စစ်မှန်သည့် passwords များ ဖြစ်ကြောင်း တွေ့ရှိရပါသည်။ ASD ၏ ACSC အကဲဖြတ်မှုအရ မသမာသူသည် စစ်မှန်သည့် အသုံးပြုသူအနေဖြင့် ဝင်ရောက်ကာ နည်းပညာကိရိယာကို ခိုးယူခြင်းနှင့် အဝေးမှ ဝင်ရောက်ခွင့်ရအောင် လုပ်ဆောင်ပြီး စစ်မှန်သော user အကောင့်ဖြင့် အဖွဲ့အစည်း၏ ကွန်ရက်ထဲကို ဝင်ရောက်ခဲ့ဟန် ရှိပါသည်။

စုံစမ်းစစ်ဆေးချက်၏ တွေ့ရှိမှုများ

စုံစမ်းစစ်ဆေးချက် အကျဉ်းချုပ်

ထိုမသမာသူသည် အမှုထမ်းတစ်ဦး၏ အဝေးမှ ဝင်ရောက်ခွင့် login များကို ခိုးယူပြီး ကွန်ရက်အတွင်း တိုက်ခိုက်မှု ပိုလုပ်ရန်အတွက် ထိုအချက်အလက်ကို အသုံးပြုခဲ့သည်ဟု ASD ၏ ACSC က သုံးသပ်ထားပါသည်။ တိုက်ခိုက်မှု စတင်ခံရသည့် အရာတွင် လုပ်ငန်းတာဝန်များကို တူညီစွာ ဖြန့်ဖြူးခြင်း load-balanced hosts များ သုံးခု ပါဝင်ကြောင်း အစောဆုံး ဖမ်းယူရမိသည့် သက်သေတွင် ဖော်ပြထားပါသည်။ တိုက်ခိုက်ခံရကြောင်း ကနဦး သိရသည်နှင့် ထိုအဖွဲ့အစည်းက လုပ်ငန်းတာဝန်များကို တူညီစွာ ဖြန့်ဖြူးခြင်း load-balanced hosts သုံးခု ထဲမှ နှစ်ခုကို ပိတ်ချမှု လုပ်ခဲ့ပါသည်။ ရလဒ်အဖြစ် နောက်ပိုင်းတွင် တိုက်ခိုက်မှုများအားလုံးက host တစ်ခုတည်းတွင် ဖြစ်ပေါ်ခဲ့ပါသည်။ တိုက်ခိုက်ခံရသည့် ကိရိယာနှင့် ဆက်စပ်မှုရှိသည့် တခြားသော servers များသည်လား အလားတူ လုပ်ငန်းတာဝန်များကို တူညီစွာ ဖြန့်ဖြူးခြင်းနည်း load-balanced လုပ်မှုကို ခံခဲ့ရပါသည်။ ရှင်းရှင်းလင်းလင်းရှိစေရန်အတွက် တိုက်ခိုက်ခံရသည့် ကိရိယာများအားလုံးကို ဤအစီရင်ခံစာတွင် 'ကိရိယာ တစ်ခု' အဖြစ် ရည်ညွှန်းသွားမည် ဖြစ်ပါသည်။

မသမာသူသည် ၂၀၂၂ ခုနှစ် ဧပြီလမှ စတင်ကာ လူအများသိသည့် အားနည်းချက်များမှတဆင့် web shells များကို အသုံးပြုကာ ထိုကိရိယာကို တိုက်ခိုက်ခဲ့သည်ဟု ယူဆနိုင်ပါသည်။ ထိုမသမာသည့် အဖွဲ့မှ တိုက်ခိုက်မှု လုပ်သူများသည် ကိရိယာထဲ ဝင်ရောက်ရန်အတွက် လိုအပ်သော escalated privileges ရရှိသည့် ခွင့်ပြုချက်ထက် အခွင့်အရေးတိုးချဲ့ ရယူခြင်း ရှိခဲ့သည်ဟု သုံးသပ်ထားပါသည်။ ASD ၏ ACSC သည် logging မှတ်တမ်းဆိုင်ရာ အချက်အလက်များ လုံလောက်စွာ မရှိသည့်အတွက် ထိုအဖွဲ့၏ လှုပ်ရှားမှု အတိုင်းအတာ အပြည့်အစုံကို မသိနိုင်ပါ။ သို့သော် သက်သေများအရ မသမာသူအနေဖြင့် အောက်ပါ အရာများကို လုပ်ဆောင်နိုင်ခဲ့ကြောင်း တွေ့ရှိရပါသည် -

- စစ်မှန်သည့် username နှင့် password အတွဲပေါင်း ရာနှင့်ချီအား စုဆောင်းနိုင်ခြင်းနှင့်
- စစ်မှန်သော user ကဲ့သို့ virtual desktop infrastructure (VDI) ထဲ ဝင်ရောက်ကာ မသမာသူက နည်းပညာဆိုင်ရာ အချက်အလက်များကို စုဆောင်းနိုင်ခြင်းတို့ ဖြစ်ပါသည်။

မသမာသူသည် အဖွဲ့အစည်း၏ ကွန်ရက်ကို ထပ်မံ တိုက်ခိုက်မှုလုပ်ရန် ကြိုးစားခဲ့ကြောင်းလည်း ASD ၏ ACSC မှ သုံးသပ်ထားပါသည်။ မသမာသူများ လျှို့ဝှက်စွာ ထုတ်ယူနိုင်သည့် အချက်အလက်များက ၎င်းတို့အား စစ်မှန်သော user ကဲ့သို့ လုပ်ဆောင်ကာ virtual desktop sessions ကို ပြန်ပေးဆွဲမှု သို့မဟုတ် စတင်နိုင်မှုဖြစ်စေပြီး administrators အပါအဝင် ၎င်းတို့ သဘောရှိသည့် user ကို စိတ်ကြိုက်ရွေးချယ် အသုံးပြုခဲ့ပုံ ရပါသည်။ မသမာသူများသည် ထိုကဲ့သို့ ဝင်ရောက်မှုဖြစ်စေသည့် vector များကို အသုံးပြုကာ ရေရှည်အထိ မဆုတ်မနစ်တိုက်ခိုက်မှုနှင့် အခြားသော ရည်ရွယ်ချက်များ လုပ်ဆောင်ရန်အတွက် အဖွဲ့အစည်း၏ ဝန်ဆောင်မှုကို ပိုမိုတိုက်ခိုက်မှု လုပ်ခဲ့ပုံရပါသည်။

Hosting provider managed environment အတွင်းရှိ အဖွဲ့အစည်း၏ အခြားသော ကိရိယာများတွင် တိုက်ခိုက်မှု ခံခဲ့ရသည့် သက်သေများ မတွေ့ခဲ့ရပါ။

ဝင်ရောက်ခြင်း

VDI sessions (T1021.001) နှင့် ချိတ်ဆက်ရန်အတွက် တိုက်ခိုက်မှုခံရသည့် ကိရိယာပါဝင်သည့် host သည် Active Directory နှင့် webserver များမှတဆင့် အထောက်အထားစိစစ်မှု authentication များ ပံ့ပိုးခဲ့ပါသည်။

တည်နေရာ	တိုက်ခိုက်မှုခံရသည့် ကိရယာ၏ hostနာမည်များ (တူညီစွာ ဖြန့်ဖြူးခြင်းနည်း load-balanced)
Datacentre 1	HOST1, HOST2, HOST3

ကိရိယာဆီမှတဆင့် အထောက်အထားစိစစ်မှုအောင်မြင်ကြောင်း token လက်မှတ်နှင့် downloaded များ ရရှိသည်နှင့် တပြိုင်နက် ကိရိယာ၏ အခြေခံအဆောက်အအုံထဲတွင် အသုံးပြုသူများအတွက် VDI စီးဆင်းမှုဖြစ်စေသည့် host များအတွက် ဝင်ပေါက်တံခါးများ ရှိပါသည်။

ထို host များ တိုက်ခိုက်ခံရသည့် သက်သေအထောက်အထားများ မတွေ့ရပါ။ သို့သော် host များအတွက် ဝင်ပေါက်တံခါးဆိုင်ရာ မှတ်တမ်းများအရ host များသည် မသမာသည့် IP လိပ်စာများနှင့် အပြန်အလှန် ဆက်ဆံမှုရှိခဲ့ကြောင်း ပြသထားပါသည်။ ဤ host အတွင်း သို့မဟုတ် အခြား ကွန်ရက်တစ်ခု၏ ချိတ်ဆက်မှုများသည် ဤ host ဆီ ရောက်နိုင်သည့် မသမာသူ၏ အခြေခံအဆောက်အအုံနှင့် ချိတ်ဆက်မှုကြောင့် ထိုကဲ့သို့ ပြသခြင်း အလားအလာများပါသည်။ ရှိနေသည့် အထောက်အထားကို အသုံးပြု၍ ထို လှုပ်ရှားမှု၏ အနေအထားအား ကောက်ချက်မချနိုင်သော်လည်း မသမာသည့် အုပ်စုသည် အဖွဲ့အစည်း၏ ကွန်ရက် (TA0008) အတွင်း ရွှေ့ပြောင်းမှုများ လုပ်ခဲ့ကြောင်း ပြသနေပါသည်။

ကွန်ရက်အတွင်း hosts များ

ASD ၏ ACSC သည် အဖွဲ့အစည်း၏ ကွန်ရက်များကို သီးသန့်စီခွဲခြားထားခြင်းမှ အကန့်အသတ်ဖြင့်သာ ရရှိသော အချက်အလက်များဖြင့် စုံစမ်းစစ်ဆေးမှု လုပ်ခဲ့ပါသည်။ တိုက်ခိုက်ရန် ကြိုးစားသည့် သို့မဟုတ် တိုက်ခိုက်မှုအောင်မြင်သည့် မသမာသည့် လှုပ်ရှားမှုကြောင့် အဖွဲ့အစည်း၏ အတွင်းပိုင်းမှ သီးသန့်စီခွဲခြားထားခြင်း ကွန်ရက်များအပေါ် သက်ရောက်မှုရှိခဲ့ပြီး ထိုအထဲတွင် မသမာသူများက VDI နှင့် ဆက်စပ်သည့် အရာများကို ဝင်ရောက်နိုင်ခြင်း၊ (T1505.001) ဆိုသည့် internal SQL server ကို ဖယ်ရှားနိုင်ခြင်းနှင့် (TA0011) ကိရိယာ၏ ဝင်ပေါက်တံခါးမှတဆင့် မသမာသည့် IP လိပ်စာများ ဆီသို့ မရှင်းပြနိုင်သည့် ဒေတာစီးဆင်းမှုများ ရှိခဲ့သည်ကို သိရပါသည်။

တိုက်ခိုက်ခံရသည့် ကိရိယာအတွင်း ဝင်ရောက်နိုင်မှုကို အသုံးချကာ ထိုမသမာသည့် အုပ်စုသည် စစ်မှန်သော usernamesI passwords (T1003) နှင့် MFA token values (T1111) တို့ကို စုဆောင်းနိုင်ခဲ့ပါသည်။ ထိုအဖွဲ့သည် JSON Web Tokens (JWTs) (T1528) ကို စုဆောင်းနိုင်ခဲ့ပြီး ၎င်းကို virtual desktop login sessions ကို လုပ်ဆောင်ရန်အတွက် အသုံးပြုသည့် စစ်မှန်ကြောင်း

အထောက်အထားများအတွက် အသုံးပြုပါသည်။ မသမာသူသည် ထိုကဲ့သို့ ဝင်ရောက်နိုင်မှုကို အသုံးချကာ virtual desktop sessions (T1563.002) ကို ဖန်တီးခြင်း သို့မဟုတ် ပြန်ပေးဆွဲခြင်းနှင့် စစ်မှန်သော အသုံးပြုသူ (T1078) အဖြစ် ကွန်ရက်အတွင်း၏ သီးသန့်အကန့်များထဲ ဝင်ရောက်မှု လုပ်နိုင်ပါသည်။

မသမာသူသည် SQL server (T1505.001) ကို ပယ်ဖျက်ရန်အတွက် တိုက်ခိုက်ခံရသည့် ကိရိယာထဲ ဝင်ရောက်ပြီး ထိုအရာသည် အဖွဲ့အစည်း၏ အတွင်းပိုင်းကွန်ရက်တွင် တည်ရှိပါသည်။ ထိုဒေတာများကို မသမာသူ ရရှိရန် အလားအလာများပါသည်။

ကိရိယာဆီ ဝင်ရောက်နိုင်သည့် တံခါးပေါက်တို့မှ ရရှိသည့် သက်သေများအရ မသမာသည့် IP လိပ်စာများမှတဆင့် ဤစက်ပစ္စည်းဆီသို့ ကွန်ရက်စီး ဆင်းမှု ရှိခဲ့ကြောင်း ဖော်ပြထားပါသည်။ အထက်တွင် ဖော်ပြသည့်အတိုင်း မသမာသူသည် အတွင်းပိုင်း ကွန်ရက်ကို မဏ္ဍိုင်အဖြစ် အသုံးချကာ ဤစက်ပစ္စည်းကို ဆိုးကျိုးသက်ရောက်အောင် သို့မဟုတ် အသုံးချခံရအောင် လုပ်ခဲ့ကြောင်း ပြသပါသည်။

စုံစမ်းစစ်ဆေးရေး အချိန်ဇယား

အောက်ပါ စာရင်းသည် စုံစမ်းစစ်ဆေးမှုအတွင်း တွေ့ရသည့် အဓိက လှုပ်ရှားမှုများ၏ အချိန်ဇယားဖြစ်ပါသည်။

အချိန်	အဖြစ်အပျက်
၂၀၂၂ ဧပြီ	မသမာသည့် IP လိပ်စာများသည် HOST7 ဆိုသည့် access gateway host နှင့် အပြန်အလှန် ဆက်သွယ်မှု ရှိခဲ့သည်။ မည်ကဲ့သို့သော အပြန်အလှန် ဆက်သွယ်မှုများ ရှိခဲ့သည်ကိုတော့ မသိရပါ။
၂၀၂၂ ဧပြီ	HOST1၊ HOST2 နှင့် HOST3 များ အားလုံးသည် မသမာသူ သို့မဟုတ် မသမာသူများ၏ တိုက်ခိုက်မှုကို ခံခဲ့ရပြီး hosts များပေါ်တွင် web shells များကို ထားရှိခဲ့ပါသည်။ HOST 2 တွင် log file တစ်ခုကို ဖန်တီး သို့မဟုတ် ပြုပြင်မှုလည်း လုပ်ခဲ့ပါသည်။ ထိုဖိုင်ထဲတွင် အကောင့်ထဲ ဝင်ရောက်နိုင်သည့် အထောက်အထား credential များပါဝင်ပြီး မသမာသူဖက်မှ ထိုအချက်အလက်များကို ရရှိရန် အလားအလာများပါသည်။ HOST1 နှင့် HOST3 အတွင်းမှ /etc/security/opasswd နှင့် /etc/shadow ဖိုင်များသည် ပြုပြင်မှုခံခဲ့ရသည်ကို ကြည့်ခြင်းအားဖြင့် password များကို ပြောင်းလဲခဲ့ကြောင်း ပြသနေပါသည်။ HOST1 ပေါ်တွင် ပြသသည့် သက်သေအထောက်အထားများအရ 'sshuser' ဆိုသည့် အသုံးပြုသူ၏ password အပြောင်းခံရကြောင်း ပြသနေပါသည်။
၂၀၂၂ ဧပြီ	အဖွဲ့အစည်းမှ HOST2 ကို ပိတ်ချမှု လုပ်ခဲ့ပါသည်။ HOST1 နှင့် HOST 3 တွင် (T1505.003) web shells ပိုများ ထပ်မံ ဖန်တီးခဲ့ပါသည်။ HOST1 သည် HOST3 ထံမှ SSH brute force လုပ်ရန် ကြိုးစားမှုကို ခံခဲ့ရပါသည်။ HOST3 တွင် (T1070) မှတ်တမ်း log file တစ်ခု ပြုပြင်မွမ်းမံမှု ခံခဲ့ရသည်။ ဖိုင်ထဲတွင် မသမာသူ ရရှိသည့် (T1078) credential အထောက်အထားများ ပါဝင်ဖို့ အလားအလာ များပါသည်။ HOST3 ၏ output file တွင် (T1528) JWTs ကို ဖမ်းယူနိုင်ခဲ့ပါသည်။ အဖွဲ့အစည်းမှ HOST3 ကို ပိတ်ချခဲ့ပါသည်။ ထိုအချိန်နောက်ပိုင်း လှုပ်ရှားမှု အားလုံးသည် HOST1 တွင် ဖြစ်ပေါ်ခဲ့သည်။
၂၀၂၂ ဧပြီ	HOST1 တွင် (T1505.003)web shells ပိုများ ထပ်မံ ဖန်တီးခဲ့ပါသည်။ HOST1 ၏ output fileတွင် JWTs ကို ဖမ်းယူနိုင်ခဲ့ပါသည်။
၂၀၂၂ ဧပြီ	HOST1 တွင် (T1505.003) web shells ပိုများ ထပ်မံဖန်တီးမှုဖြစ်ခဲ့ပြီး မသမာသည့် IP လိပ်စာများသည် (TA0011) host နှင့် ဆက်သွယ်မှု လုပ်ခဲ့သည်။ HOST7 တွင် မသမာသည့် IP လိပ်စာများက access gateway host နှင့် ဆက်သွယ်မှု လုပ်ခဲ့သည်။
၂၀၂၂ မေ	မသမာသည့် IP လိပ်စာသည် HOST7 (TA0011) ၏ access gateway host နှင့် ဆက်သွယ်မှု လုပ်ခဲ့သည်။ HOST1 ၏ logs တွင် အသုံးပြုသူ တစ်ဦး၏ အထောက်အထားစိစစ်မှု အဖြစ်အပျက်တစ်ခုသည် မသမာသည့် IP လိပ်စာတစ်ခုနှင့် ဆက်စပ်မှု ရှိခဲ့ပါသည်။ ဤ host (T1505.003) တွင် web shells ပိုများ ထပ်မံ ဖန်တီးမှု ဖြစ်ခဲ့သည်။
၂၀၂၂ မေ	HOST1 ၏ script တစ်ခုအား မသမာသူ (T1543) မှ ပြုပြင်မွမ်းမံမှု လုပ်ခဲ့သည်။ Script ထဲတွင် SQL server အတွင်းပိုင်းမှ ရရှိသည့် ဒေတာ အကျွင်းအကျန်များ ပါဝင်ပါသည်။
၂၀၂၂ မေ	HOST1 ရှိ log file အပိုတစ်ခု (T1070) ပြုပြင်မွမ်းမံခဲ့ရပါသည်။ ထိုဖိုင်ထဲတွင် အဖွဲ့အစည်း ကွန်ရက်အတွင်းမှ username နှင့် password အတွဲလိုက် ပါဝင်ပြီး စစ်မှန်သည့် အချက်အလက်များ (T1078) ဖြစ်ဖို့ များပါသည်။
၂၀၂၂ မေ	Log file အပိုတစ်ခု (T1070) ပြုပြင် မွမ်းမံခဲ့ရပါသည်။ ဖိုင်ထဲတွင် HOST1 မှ စုဆောင်းထားသည့် JWTs ပါဝင်ပါသည်။
၂၀၂၂ မေ	HOST1 တွင် (web shells T1505.003) ပိုများ ထပ်မံ ဖန်တီးမှု ဖြစ်ခဲ့သည်။ ထိုနေ့တွင် အဖွဲ့အစည်းမှ ၂၀၂၂ ဧပြီတွင် web shell တစ်ခု ဖန်တီးမှု ရှိခဲ့သည်ကို တွေ့ရသည့်အကြောင်း ASD ၏ ACSC ကို အကြောင်းကြားခဲ့ပါသည်။
၂၀၂၂ မေ	HOST1 တွင် Log4jHotPatch.jar ဟု နာမည်ရသည့် script များ တီထွင်ရေးသားခဲ့ပါသည်။
၂၀၂၂ မေ	Access gateway host တွင် open port နှစ်ခု ထည့်သွင်းရန်အတွက် iptables-saye ကွပ်ကဲမှုကို အသုံးပြုခဲ့ပါသည်။ ထို port နှစ်ခုမှာ 9998 နှင့် 9999 (T1572) တို့ ဖြစ်ကြသည်။

မဿမာသူများ၏ နည်းဗျူဟာ နှင့် နည်းပညာများ

အောက်ပါ နည်းဗျူဟာနှင့် နည်းပညာများသည် စုံစမ်းစစ်ဆေးမှုအတွင်း တွေ့ခဲ့ရသည့် အဓိက လုပ်ရပ်များ ဖြစ်ပါသည်။

ကနဦး ဝင်ရောက်ချက်

T1190 လူအများသုံးစွဲသည့် အက်ပလီကေးရှင်း၏ အားနည်းချက်ကို အလွဲသုံးစားလုပ်ခြင်း

မဿမာသည့် အုပ်စုသည် RCEI privilege escalation နှင့် authentication များကို အလွဲသုံးစားမှုလုပ်ပြီး remote access login အတွင်းရှိ အားနည်းချက်များနှင့် identity mangement အဆင့်များကို ကျော်ဖြတ်ကာ ကွန်ရက်သို့ ကနဦး ဝင်ရောက်နိုင်ရန် ကြိုးစားသည့် အလားအလာများပါသည်။

အောက်ပါ အချက်များကြောင့် ကနဦးဝင်ရောက်ခြင်း နည်းလမ်းများ ဖြစ်ပေါ်ခဲ့ဖို့ များပါသည် -

- ထိုအချိန်က ဆာဗာသည် ထို CVEs များတွင် အားနည်းချက်ရှိခဲ့ခြင်း
- မဿမာသည့် အခြေခံအဆောက်အဦးများမှ ထိုအားနည်းချက်များကို အလွဲသုံးစားလုပ်ရန် ကြိုးစားခဲ့ခြင်းများနှင့်
- အလွဲသုံးစားမှုလုပ်ရန် ကြိုးပမ်းမှုအပြီး မကြာခင်အချိန်အတွင်း မဿမာသည့် လှုပ်ရှားမှုများ ကွန်ရက်အတွင်း ဖြစ်ပေါ်ခဲ့ခြင်းတို့ ဖြစ်ပါသည်။

ဖယ်ရှားကွပ်မျက်ခြင်း

T1059.004 Command and Scripting Interpreter- Unix Shell

